ကမ္ဘာ့ဘဏ်

ဆင်းရဲနွမ်းပါးမှု

ကင်းစင်သည့်ကမ္ဘာသစ်ဆီသို့

သတင်းထုတ်ပြန်ချက်

ဂါရှင်တန်၊ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ (2)ရက်

**ကမ္ဘာ့ဘဏ်အုပ်စုက မြန်မာနိုင်ငံတော်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်ရည်ရွယ်ပြီး နိုင်ငံသားများ၏ ဘဝကိုသာယာစေမည့် ကြားဖြတ်မဟာဗျူဟာအစီအစဉ်သစ် (Interim trategy)တစ်ရပ်ချမှတ်၍ကူညီမှုများ ထပ်ဆင့် ပြုလုပ်**

ကမ္ဘာ့ဘဏ်အုပ်ချုပ်ရေးအဖွဲ့က မြန်မာနိုင်ငံတော်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ထပ်မံထောက်ခံမှုကိုပြသသည့်အနေဖြင့် မြန်မာပြည်သူပြည်သားတို့၏ဘဝကို သာယာစေမည့်ကြားဖြတ်မဟာဗျူဟာ အစီအစဉ် (New Interim Strategy – NIS)တစ်ရပ်ကို ယနေ့တွင် လက်ခံအတည်ပြုလိုက်ပါသည်။ ယင်းမဟာဗျူဟာအစီအစဉ်သည် လာမည့် ၁၈ လ အတွင်း ကမ္ဘာ့ဘဏ်အုပ်စု၏ မြန်မာနိုင်ငံတွင်းဆောင်ရွက်ချက်များကို လမ်းညွှန်မှုပြုသွားမည်ဖြစ်ပါသည်။ ဤအစီအစဉ်သည် အစိုးရယန္တရားကို ပြုပြင်ပြောင်းလဲမှုများပြု၍ ယခုကဲ့သို့အရေးကြီးသော အသွင်ကူးပြောင်းရေးကာလတွင် ဆင်းရဲနွမ်းပါးမှုကို လျှော့ချရေးကိုဦးတည်လျက် ဌာနဆိုင်ရာများကလည်း ပိုမိုကောင်းမွန်သော စွမ်းဆောင်ချက်များ ပြုလုပ်လာနိုင်ရန် ရည်ရွယ်ပါသည်။

ကမ္ဘာ့ဘဏ်အုပ်စုဥက္ကဋ္ဌ မစ္စတာဂျင်ယုံကင်းကလည်း "ကျွန်တော်မြန်မာနိုင်ငံတွင်းဖြစ်ပေါ်နေသော ပြုပြင်ပြောင်းလဲရေးများကြောင့် အထူးဂမ်းမြောက်မိပါသည်။ မြန်မာနိုင်ငံအစိုးရအားလည်း ဤသို့အားထုတ်မှုများကို ဆက်လက်ဆောင်ရွက်ဖို့ရန် အားပေးပါသည်။ ကျွန်တော်တို့အနေဖြင့်လည်း ကမ္ဘာ့မိသားစုအသိုင်းအဝိုင်း၏ တစ်စိတ်တစ်ဒေသအဖြစ် ဤလုပ်ငန်းစဉ်တွင်ပါဝင်ကာ ပြည်သူများအတွက် အရေးအကြီးဆုံးဖွံ့ဖြိုးရေး လိုအပ်ချက်များဖြစ်သော ကျန်းမာရေး၊ ပညာရေးနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အကောင်းဆုံးရလဒ်များဖြစ်ပေါ်လာအောင် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ရေးကိုပါ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်ဟု ထုတ်ဖော်ပြောဆိုခဲ့ပါသည်။

ယခုအကောင်အထည်ဖေါ်မည့် ကြားဖြတ်မဟာဗျူဟာအစီအစဉ်တွင် ကမ္ဘာ့ဘဏ်သည် အစိုးရ၏စီးပွားရေးကဏ္ဍ စီမံခန့်ခွဲမှုများ တိုးတက်ကောင်းမွန်လာရန်၊ စီးပွားရေးတိုးတက်ဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွက်လာရေးတို့ကို ဆောင်ရွက်သွားပါမည်။ ယင်းသို့အခြေအနေများဖြစ်ပေါ်လာရေးအတွက်လည်း လိုအပ်သောမူဝါဒဆိုင်ရာ အကြံဉာဏ်များ နည်းပညာပံ့ပိုးမှုများကို အောက်ဖေါ်ပြပါကဏ္ဍကြီး ၃ ခုတွင် အကူအညီပေးသွားပါမည်။

- ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုတွင် ဖွံ့ဖြိုးမှုဦးစားပေးအစီအစဉ်များနှင့် နိုင်ငံတော်ဘတ်ဂျက်ဆက်သွယ်မှုကို ပွင့်လင်းမြင်သာမှုရှိစေရန်

- အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် အသေးစားချေးငွေရယူရဲသူများအတွက် ချေးငွေများ၊ အလွယ်တကူရရှိနိုင်ရန်အတွက် လိုအပ်သောစဉ်းမျဉ်းစည်းကမ်းများကိုပြုပြင်ရန်

- ပိုမိုကျယ်ပြန့်သောစီးပွားရေးဘ၊ ဖြစ်ထွန်းပေါ်ပေါက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများပေါ်ပေါက်ရေး အတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိုအားပေးရန်

ယခုအခါ ကမ္ဘာ့ဘဏ်သည် အထက်ဖော်ပြပါလုပ်ငန်းစဉ်များအောင်မြင်ရေးအတွက် လိုအပ်သောစိစစ်သုံးသပ်ချက်များ ဆောင်ရွက်လျှက်ရှိပါသည်။ ယင်းစိစစ်သုံးသပ်ချက်များတွင် ဘဏ္ဍာငွေကြေးဆိုင်ရာတာဝန်ရှိမှုကို စိစစ်သုံးသပ်ခြင်း၊ အများပြည်သူအသုံးစရိတ်ကို စိစစ်သုံးသပ်ခြင်းနှင့် ရင်းနှီးမြှုတ်နှံမှုဆိုင်ရာ အခြေအနေများကို စိစစ်သုံးသပ်ခြင်းများ ပါဝင်ပါသည်။ ဌာနဆိုင်ရာများအား ပြုပြင်ပြောင်းလဲရေးသည် ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်သော်လည်း ယခုကြားဖြတ်အစီအစဉ်အရ ဒေသခံပြည်သူအစုအဖွဲ့များအတွက် ကောင်းမွန်သောရလဒ်များကို ခံစားရရှိစေမည့်အပြင် လူထုအခြေပြုအဖွဲ့အစည်းများ ပိုမိုခိုင်မာလာစေကာ ဌာနဆိုင်ရာများနှင့် တွေ့ထိဆက်ဆံရေးကို အထောက်အကူဖြစ်စေပါမည်။

ကမ္ဘာ့ဘဏ်၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသ ဒုတိယဥက္ကဌပန်မာကော့က "ကမ္ဘာ့ဘဏ်၏မဟာဗျူဟာအစီအစဉ်က အားလုံးပါဝင်နိုင်မယ့် ဘက်စုံဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးအစီအစဉ်ပါ ဒီအစီအစဉ်အရ မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးသူများအတွက် တကယ့်ကိုလက်တွေ့ကျကျ ကောင်းမွန်တဲ့အခွင့်အလမ်းတွေ ရရှိခံစားကြရမှာ ဖြစ်ပါတယ်။ အသွင်ကူးပြောင်းရေးကာလဟာ အချိန်ယူရပါသည်။ ဒါပေမယ့်ကမ္ဘာ့ဘဏ်ဟာ အခြားဖွံ့ဖြိုးရေးကို အထောက်အပံ့ပေးနေတဲ့ ညီနောင်အဖွဲ့အစည်းများနဲ့အတူ ပြည်တွင်းရှိဆင်းရဲနွမ်းပါးတဲ့ပြည်သူများ ယခုပြုပြင်ပြောင်းလဲမှုရဲ့ ရလဒ်ကောင်းတွေကို အမြန်ဆုံးခံစားကြရအောင်လုပ်ဆောင်ဖို့ ဆုံးဖြတ်ထားကြပါတယ်။ အထူးသဖြင့် ဌာနဆိုင်ရာများရဲ့ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာစေရန်ဖြစ်ပါသည်။"ဟု ပြောကြားခဲ့ပါသည်။

ယခုကြားဖြတ်မဟာဗျူဟာအစီအစဉ်ကို လူထုအခြေပြုအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများဖွံ့ဖြိုးရေးထောက်ပံ့မှုညီနောင်အဖွဲ့အစည်းများ၊ ပညာရှင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ စသည့်သက်ဆိုင်သူများအားလုံးနှင့် တွေ့ဆုံညှိနှိုင်း၊ ဆွေးနွေးပြီးမှရေးဆွဲခဲ့ခြင်း၊ ဖြစ်ပါသည်။ ဤအစီအစဉ်သည် ကမ္ဘာ့ဘဏ်အဖွဲ့ အဖွဲ့ဝင်တစ်ခုဖြစ်သော အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေးကော်ပိုရေးရှင်း (IFC) မှ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးမှုကို အာရုံစိုက်ဆောင်ရွက်သွားမည် ဖြစ်သည်။

အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ (IFC) ၏ ဒုတိယဥက္ကဌဖြစ်သော ကာရင်ဖင်ကယ်စတန်မှပြောကြားသည်မှာ မြန်မာနိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံသားများအတွက် ထိရောက်သော အကျိုးဖြစ်ထွန်းမှုများ (ဥပမာ- အလုပ်အကိုင်နှင့်စီးပွားရေးအခွင့်အလမ်းများ ဖြစ်ပေါ်စေရန် လွန်စွာအရေးပါမည် ဖြစ်သည်။) (IFC) မှ တိုင်းပြည်အတွက် လိုအပ်သော ဘဏ္ဍာရေး အထောက်အပံ့များ ပိုမိုရရှိအောင် ဆောင်ရွက်ခြင်းဖြင့် စီးပွားရေး အလုပ်အကိုင်များ ချဲ့ထွင်နိုင်မည် ဖြစ်ပြီး လုပ်သားများ ပိုမို ငှားရမ်းနိုင်မည် ဖြစ်သည်။ ထို့အပြင် ကမ္ဘာ့ဘဏ်နှင့်တွဲဖက်ပြီး မြန်နမာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်း

များနှင့် အခြေခံအဆောက်အအုံများကို စမ်းစစ်လေ့လာပေးလျှက်ရှိသည်။ လူတစ်ဦးနှင့်တစ်ဦး စီးပွားရေးတစ်ခုနှင့်တစ်ခုအလွယ်တကူဆက်သွယ်နိုင်မည့် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများနှင့် လုပ်ငန်းများလည်ပတ်နိုင်ရန် လိုအပ်လျှက်ရှိသော ယုံကြည်စိတ်ချရသော လျှပ်စစ်မီးရရှိရေးအတွက် ဦးစွာ အာရုံစိုက် ဆောင်ရွက်လျှက်ရှိသည်။

"ကြားဖြတ်မဟာဗျူဟာအစီအစဉ်သည် မြန်မာနိုင်ငံ၏ နောင်ရေးအတွက် အခြေခံများချပေးခြင်းပင်ဖြစ်သည်။ နောင်လာမည့် ၁၈ လအတွင်း နိုင်ငံဖွံ့ဖြိုးမှုအတွက် ရင်ဆိုင်နေရသော အခက်အခဲများကို ကျော်လွှားနိုင်ရန် လွန်စွာကောင်းမွန်သော အကြံဉာဏ်များချမှတ်နိုင်လိမ့်မည် ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် တည်ငြိမ်သော ဘဏ္ဍာရေးစနစ်ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ဆောင်ရွက်သကဲ့သို့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ အခြေခံအဆောက်အအုံများပံ့ပိုးပေးခြင်းကိုလည်း နိုင်ငံ၏ အခြားဒေသများတွင် ဆောင်ရွက်သွားနိုင်ရန် စီစဉ်လျှက်ရှိခြင်းကြောင့် မြန်မာလူမျိုးတို့အနေဖြင့် သိသာထင်ရှားသော တိုးတက်မှုများကို တွေ့မြင့်လာနိုင်မည်ဖြစ်သည်။" ဟု ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ်ဖြစ်သူ ကန်သန်ရှန်ကာက ပြောဆိုခဲ့သည်။

နိုင်ငံတော်အဆင့် အမျိုးသားပြည်သူလူထုအခြေပြု ဖွံ့ဖြိုးတိုးတက်ရေးပရိုဂျက်အတွက် လိုအပ်သော ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ သန်း ၈၀ ကိုလည်း ဘဏ်အုပ်ချုပ်မှုအဖွဲ့က ယနေ့ပင်အတည်ပြုချက်ပေးလိုက်ပြီဖြစ်ပါသည်။ ယင်းထောက်ပံ့ငွေသည် မြန်မာနိုင်ငံကပေးဆပ်ရန်ရှိသည့် ကြွေးမြီများမပြေလည်မီ ထုတ်ပေးသော အထောက်အပံ့ဖြစ်ပါသည်။ ဤပြည်သူအခြေပြုဖွံ့ဖြိုးတိုးတက်ရေး ပရိုဂျက်များသည် ဆင်းရဲနွမ်းပါးသော၊ ထိရှလွယ်သောပြည်သူအစုအဖွဲ့များအတွက် အမြန်ဆုံးကောင်းကျိုးရလဒ်များကို ခံစားရရှိနိုင်စေရန်ဖြစ်ပါသည်။ ယင်းပရိုဂျက်အရ ဒေသခံပြည်သူများသည် ယင်းတို့အတွက် အဓိကလိုအပ်ချက်များ ဥပမာ - လမ်းတံတားများ၊ စိုက်ပျိုးရေ ရရှိရေးလိုအပ်ချက်များ၊ ကျောင်းနှင့် ဆေးပေးခန်းများ၊ ကျေးလက်ဒေသဈေးများ စသည်တို့ကို မိမိတို့ကိုယ်တိုင် ရွေးချယ်ခွင့်ရှိလာပါမည်။

ဤပရိုဂျက်သည် ပြည်နယ်တိုင်းဒေသကြီး ၁၅ ခုတွင် မြို့နယ်တစ်ခုကိုရွေးချယ်ရန် စံပြလုပ်ကိုင်ရန်ဖြစ်ပါသည်။ ယင်းတို့ရွေးချယ်ရာတွင် သက်ဆိုင်ရာမြို့နယ်၏ ဆင်းရဲနွမ်းပါးမှုအနေအထားကို အဓိကစံအဖြစ်ထားကာ ရွေးချယ်သွားပါမည်။ ရွေးချယ်ခံရသောမြို့နယ်ကျေးရွာများရှိ ဒေသခံပြည်သူများက မိမိတို့ကိုယ်တိုင်နှစ်သက်သူများကို ကောင်စီတွင်ရွေးချယ်တင်မြှောက်ခွင့်ရပါမည်။ ယင်းတို့က မိမိဒေသအလိုက် လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများကိုရွေးချယ်ခြင်း၊ ဖွံ့ဖြိုးရေးအစီအစဉ်များရေးဆွဲခြင်း၊ ယင်းအစီအစဉ်များကို အကောင်အထည်ဖော်ခြင်း၊ လုပ်သားအင်အားရယူခြင်း၊ ပစ္စည်းဝယ်ယူခြင်း စသည်ဖြင့်တာဝန်ယူကာ ပွင့်လင်းမြင်သာမှုအပြည့်ဖြင့် တာဝန်ယူရပါမည်။ ပရိုဂျက်အတွက် ငွေရေးကြေးရေးသုံးစွဲမှုများကို တာဝန်ယူရပါမည်။

ကမ္ဘာ့ဘဏ်သည် ဂျပန်နိုင်ငံအစိုးရနှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)နှင့်လည်း အတူပူးပေါင်းပြီး ၂၀၁၃ ခုနှစ်ဦးပိုင်းတွင် မြန်မာ နိုင်ငံ၏ ကြွေးမြီများကိုစွပြေလည်အောင် ဆောင်ရွက်နေပါသည်။ သို့မှသာ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုအသင်း (IDA)မှ ရရှိနိုင်မည့်ငွေကြေးနှင့် အခြားအရင်းအမြစ်များကိုရရှိပြီး ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာအစီအစဉ်ကို ပြည့်ဝစွာထမ်းဆောင်နိုင်ပါမည်။

**ဆက်သွယ်ရန်**

ဝါရှင်တန် - ကားလ်ဟန်လွန် +၁(၂၀၂) ၄၆၀၈၅၂၆

Chalon@worldbank.org

ဘန်ကောက်/ရန်ကုန် အန်အီလီကန်နို aelicano@worldbank.org

*Yangon:* Camille Funnell, cfunnell@worldbank.org

*Hong Kong: Hannfried von Hindenburg,* +852 9101 7809, hvonhindenburg@ifc.org

အသေးစိတ်သိလိုလျှင် World Bank Myanmar ၏ မူလစာမျက်နှာသို့သွားပါ။

http://www.worldbank.org/en/country/Myanmar

ဖေ့ဘွတ်တွင် http://www.facebook.com/worldbank

တွစ်တာတွင် http://twitter.com/worldbank

You Tube တွင် http://youtube.com/worldbank

သတင်းထုတ်ပြန်ချက် ၂၀၁၂/ xxx / EAP